စမ်းချောင်းမြို့နယ်တရားရုံး

တရားမကြီးမှုအမှတ် ၁၆ / ၂၀၁၇

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ (၂၄)ရက်

ဒေါ်ဆိုင်းမိုင်အောင် နှင့် (၁)ဦးမြင့်အေး (၂)ဦးနေလင်းအောင်

(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ဒေါင်းညွှယ်)

(တရားလို) (တရားပြိုင်များ)

တရားလိုအတွက် ဦးသိန်းသန်းဦး(တရားလွှတ်တော်ရှေ့နေ)

တရားပြိုင်အတွက် ဒေါ်သိန်းသိန်းလှ(တရားလွှတ်တော်ရှေ့နေ)

စီရင်ချက်

အမှုမှာ တရားလို ဒေါ်ဆိုင်းမိုင်အောင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ဒေါင်းညွှယ်) မှ ဦးမြင့်အေးပါ ၂ ဦးအပေါ်တွင် ပုဇွန်ကန်မွေးမြူရေးအတွက် ရယူထားသော ငွေနှင့် အကျိုးအမြတ်ရလိုမှု စွဲဆိုထားခြင်းဖြစ်သည်။

တရားလိုမှ အဆိုလွှာတွင် (၁)တရားပြိုင်မှာ (၂)တရားပြိုင်၏ဖခင်ဖြစ်ကြောင်း၊ (၂)တရားပြိုင်နှင့်သူငယ်ချင်းများဖြစ်၍ခင်မင်ရင်းနှီးကြောင်း၊တရားပြိုင်များမှပုဇွန်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်လိုကြောင်း၊ တရားလိုမှငွေစိုက်ထုတ်၍ တရားပြိုင်များမှ ကျွမ်းကျင်မှုနှင့်လုပ်အားကို ၎င်းတို့စိုက်ထုတ်မည်ဟုပြော၍ ၂၈.၅.၂၀၁၆ ရက်စွဲပါ သဘောတူစာချုပ်ကိုချုပ်ဆိုခဲ့ကြကြောင်း၊ တရားလိုမှ တရားပြိုင်များအား ၂၈.၅.၂၀၁၆ နေ့မှ ၂.၂.၂၀၁၇ နေ့အထိ ပုဇွန်မွေးမြူရန်နှင့် ပုဇွန်စာဝယ်ယူရန် လုပ်ငန်းသုံးငွေ၇၈၀၀၀၀၀ကျပ်တိတိပေးအပ်ခဲ့ကြောင်း၊ တရားပြိုင်များမှကတိစာချုပ်အတိုင်း ငွေစာရင်း လစဉ်ရှင်းတမ်းပေးပို့ခြင်းမရှိသည့်အပြင် ငွေတစ်ပြားတစ်ချပ်မျှ အရင်းဖြစ်စေ ၊ အကျိုးအမြတ်ဖြစ်စေ၊ ပြန်လည်ပေးအပ်ခြင်းမရှိကြောင်း၊ စာချုပ်ချုပ်ပြီးနောက်ပိုင်းတွင် တရားပြိုင်များမှ ကတိပျက်ကွက်ခဲ့သည့်အတွက် တရားလိုမှကတိအတိုင်း အကြိမ်ကြိမ်တောင်းခံခဲ့သော်လည်း တရားပြိုင်များမှ ငြင်းဆိုခဲ့ကြောင်း၊ တရားလိုမှငွေတစ်လုံးတစ်ခဲတည်းပြန်မပေးပါက တရားစွဲဆိုတော့မည့်အကြောင်း တရားပြိုင်များအား ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင် တွေ့၍ဖြစ်စေ၊ ပြောသည့်အခါ ငွေကျပ် ၁၄၅၀၀၀၀နှင့် ၅၀၀၀၀၀ ကိုတရားပြိုင်များမှ ဘဏ်မှတစ်ဆင့်ပေးပို့ပေးခဲ့ကြောင်း၊ ကျန်ငွေ ၅၈၅၀၀၀၀ နှင့် နစ်နာကြေးငွေ ၄၁၅၀၀၀၀ ကိုတရားပြိုင်များထံမှရထိုက်ကြောင်း၊ အဆိုပြုသည်။

တရားပြိုင်များမှ (၁)တရားပြိုင်နှင့် တရားလိုမှာ သူငယ်ချင်းများမဟုတ်ကြောင်း၊ ဦးမြင့်အေးမှာ ပုဇွန်မွေးမြူရေးလုပ်ငန်းကိုယခင်တည်းကလုပ်ကိုင်ကြကြောင်း၊ တရားလိုမှငွေထည့်ဝင်လိုကြောင်း ပြောပြီး ၂၈.၅.၂၀၁၆ ရက်စွဲပါ စာချုပ်စာတမ်းအား လက်မှတ်များမပါရှိဘဲ ပြုလုပ်ခဲ့ ကြကြောင်း၊ကတိစာချုပ်အတိုင်းတရားလိုမှလိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိ၍တရားပြိုင်များမှလည်းလိုက်နာဆောင်ရွက်ရန် တာဝန်မရှိကြောင်း၊ လုပ်ငန်းအောင်မြင်မှုမရှိဘဲရှုံးကြောင်း နှုတ်ဖြင့်ရှင်းပြခဲ့ သော်လည်း တရားလိုက ထည့်ဝင်ငွေများကို ပြန်လည်တောင်းခံနေခြင်းသာဖြစ်ကြောင်း၊ တရားလိုမှ တရားစွဲဆိုမည်ဟုပြော၍ တရားမစွဲလျှင်ထည့်ဝင်ငွေကို အခင်မင်မပျက်စေရန် လူမှုရေးအရပြန်လည်ပေးအပ်ခဲ့ကြောင်း၊ ဆက်လက်ပေးပို့မည်ဟု လူမှုရေးအရအကြောင်းကြားစာပေးပို့၍ပေးနေဆဲမှာပင် ယခုအမှုကိုစွဲဆိုခဲ့ကြောင်း ၊ တရားလိုမှာ ထည့်ဝင်ငွေကိုအကြိမ်ကြိမ်ပေးခဲ့ပြီး လုပ်ငန်းသဘောအရ ရှုံးခဲ့သဖြင့် တရားပြိုင်

[illegible]များစွာနစ်နာဆုံးရှုံးခဲ့ပြီး တရားလိုမှာနစ်နာဆုံးရှုံးသည့်အပြင် ထည့်ဝင်ငွေကို လူမှုရေးအရ ပြန်လည်ပေးခဲ့ပါလျက် ယခုကဲ့သို့တရားစွဲဆိုခံရသဖြင့် သိက္ခာကျပြီး တရားပြိုင်များသာပိုမို နစ်နာပါကြောင်း ခုခံချေပသည်။

တရားလိုနှင့်တရားပြိုင်တို့၏ အဆိုအချေများအရ အောက်ပါ ရုံးငြင်းချက်များကို ထုတ်နုတ်ခဲ့သည်။

ငြင်းချက်(၁)။ ။တရားလိုသည် ၂၈.၅.၂၀၁၆ ရက်စွဲပါ နှစ်ဦးသဘောတူ ကန်မွေးမြူရေး ကတိ စာချုပ်အရ ငွေကျပ် ၇၈ သိန်းကို တရားပြိုင်များအား ပေးအပ်ခဲ့သည်ဆိုသည်မှာမှန်သလား။

ငြင်းချက်(၂)။ ။ တရားပြိုင်များသည် ၂၈.၅.၂၀၁၆ ရက်စွဲပါ နှစ်ဦးသဘောတူ ကတိစာချုပ်အား လိုက်နာရန်တာဝန်ရှိပြီး အဆိုပါစာချုပ်အားဖောက်ဖျက်ကျူးလွန်ခဲ့သည်မှာ မှန်သလား။

ငြင်းချက်(၃)။ ။တရားလိုသည်မည်သည့်သက်သာခွင့်ရထိုက်ပါသနည်းတို့ဖြစ်သည်။

ငြင်းချက်(၁)

ငြင်းချက်(၁)နှင့်ပတ်သတ်၍ ဖြေဆိုရလျှင် တရားလိုနှင့်တရားပြိုင်တို့သည် ၂၈.၅.၂၀၁၆ ရက်စွဲပါ နှစ်ဦး သဘောတူ ကတိစာချုပ်(သက်သေခံ ခ)အရ နှစ်ဦးသဘောတူညီချက်ရရှိပြီးနောက် တရားလိုမှတရားပြိုင်တို့အားမည်ကဲ့သို့ငွေများအလီလီပေးခဲ့ကြောင်းအမှုတွဲတွင်ပေါ်ပေါက်ခြင်း မရှိပေ။ တရားပြိုင်များမှ လုပ်ငန်းသုံးငွေ ၇၈ သိန်းအား ပေးအပ်ခဲ့ခြင်းမှာ မဟုတ်မှန်ကြောင်း၊ နှစ်ဦးသဘောတူစာချုပ်အရ ဆိုလျှင် ကျပ်သိန်း ၁၀၀ထည့်သွင်းရမည်ဟု ချေပသော်လည်း တရားပြိုင်၏ ရုံးရှေ့ကျမ်းကျိန်ထွက်ဆိုအစစ်ခံချက် ၌ပင် တရားလို မှစုစုပေါင်း ၇၈ သိန်း ထည့်သွင်းခဲ့ပါသည်ဟု ထွက်ဆိုထားသည်ဖြစ်ရာ တရားလိုသည် လုပ်ငန်းသုံးငွေအဖြစ်ငွေကျပ်၇၈ သိန်းထည့်သွင်းခဲ့သည်မှာ မှန်ကန်ကြောင်း ဖြေဆိုလိုက်သည်။

ငြင်းချက်(၂)

ငြင်းချက်(၂)နှင့်ပတ်သတ်၍ တရားလိုနှင့် (၁)တရားပြိုင်ဦးမြင့်အေးတို့မှာ ၂၈.၅.၂၀၁၆ နေ့တွင် တွေ့ဆုံခဲ့ကြပြီး စာချုပ်ချုပ်ဆိုခဲ့သည်မှာ အငြင်းမပွားပေါ်ပေါက်သည်။ သို့ရာတွင် သက်သေခံ(၃) စာချုပ်တွင် တရားလိုနှင့်တရားပြိုင်တို့မှာ လက်မှတ်ရေးထိုးထားခြင်းမရှိသည်ကို တွေ့ရှိရသည်။ ၎င်းတို့ချုပ်ဆိုခဲ့သော စာချုပ်သည် ပဋိညာဉ်အက်ဥပဒေအရ တရားဝင်ပဋိညာဉ်ဖြစ်ရန်အောက်ဖော်ပြပါ ပဋိညာဉ်၏ အင်္ဂါရပ်များဖြစ်သော

(၁) ပဋိညာဉ်ပြုသူသည် ပဋိညာဉ်ပြုလုပ်နိုင်သူဖြစ်ရမည်။

(၂) ပဋိညာဉ်ပြုလုပ်သူတို့၏ လွတ်လပ်သောသဘောဆန္ဒရှိရမည်။

(၃) ပဋိညာဉ်အတွက် ဥပဒေနှင့်မဆန့်ကျင်သော အဖိုးစားနားရှိရမည်။

(၄) ပဋိညာဉ်ပြုသူတို့၏ ရည်ရွယ်ချက်မှာဥပဒေနှင့်ညီညွတ်ရန်လိုအပ်ပေသည်။

စစ်ဆေးပြီး

ယခုအမှုတွင် တရားလိုနှင့် (၁) တရားပြိုင် ဦးမြင့်အေးတို့သည် ၂၈.၅.၂၀၁၆ ရက်စွဲပါ နှစ်ဦး သဘောတူ ကန်မွေးမြူရေး ကတိစာချုပ် ချုပ်ဆိုခဲ့သည်မှာ အငြင်းမပွားပေါ်ပေါက်ပြီးဖြစ်သည်။ ထိုသက်သေခံ(က)နှင့်သက်သေခံ(၃)စာချုပ်များအရ၎င်းတို့အကြားတွင်သဘောတူညီချက်အရလွတ်လပ်သော သဘောဆန္ဒနှင့်အညီ ပြုလုပ်ခဲ့သည်ဟု မှတ်ယူရပေမည်။ တရားလိုနှင့်တရားပြိုင် တို့မှ အဆိုပါစာချုပ်တွင် လက်မှတ်ရေးထိုးခြင်း မပြုခဲ့သည့်တိုင်အောင် ၎င်းတို့သဘောတူညီမှု ရရှိထားသည့် ကမ်းလှမ်းမှု၊ ညှိနှိုင်းမှု၊ လက်ခံမှုတို့အရ နှစ်ဦးနှစ်ဖက် အပေးအယူ ညှိနှိုင်းမှုများ ရှိခဲ့သည်ဟု/

သတ်မှတ်ရပေမည်။ ၎င်းတို့သည် ထိုသို့ စာချုပ်မချုပ်ဆိုမီ ပြုလုပ်ခဲ့သော ကမ်းလှမ်းမှု၊ ညှိနှိုင်းမှုများ၊ လက်ခံမှုများကို ၂၈.၅.၂၀၁၆ နေ့ တွင်ပြုလုပ်ခဲ့သော စာချုပ်ထဲတွင် ရေးသားချုပ်ဆိုခဲ့သည်ဟုသာ မှတ်ယူရပေမည်။ သို့ဖြစ်ရာ တရားလိုနှင့်(၁)တရားပြိုင်ဦးမြင့်အေးတို့သည် စာချုပ်တွင်ရေးသား ထားသည့် စည်းကမ်းချက် များအတိုင်းသာ လိုက်နာဆောင်ရွက်ရပေမည်။ ဆောင်ရွက်ရန်တာဝန်ရှိပေသည်။ သို့ရာတွင်(၂)တရားပြိုင်ဦးနေလင်းအောင်မှာ အဆိုပါ သဘောတူညီချက်များပြုလုပ်စဉ်အချိန်ကရင်း၊ စာချုပ်ချုပ်ဆိုစဉ် အချိန်ကသော်ရင်း ပါဝင်ခြင်းမရှိသည် ကို တွေ့ရှိရပေသည်။ သို့ဖြစ်ရာ တရားလိုနှင့်(၁) တရားပြိုင် ဦးမြင့်အေးတို့သည် ၂၈.၅.၂၀၁၆ ရက်စွဲပါနှစ်ဦးသဘောတူ ကတိစာချုပ်အား လိုက်နာရန်တာဝန်ရှိသူများဖြစ်ပြီး (၂)တရားပြိုင်ဦးနေလင်းအောင်မှာ လိုက်နာရန်တာဝန်ရှိမည်မဟုတ်ပေ။ တရားလိုမှာ စာချုပ်တွင် ပါရှိသကဲ့သို့ သိန်း ၁၀၀ ရင်းနှီးခဲ့ကြောင်း ထင်ရှားပေါ်ပေါက်ခြင်းမရှိပေ။ ထို့ပြင် တရားပြိုင်ဦးမြင့်အေးမှလည်း စာချုပ်တွင် ပါရှိသကဲ့သို့ ပုဇွန် မွေးမြူခဲ့ခြင်းမရှိကြောင်း၊ တရားလိုနှင့်တရားပြိုင်ကြားတွင် စာရင်းရှင်းလင်းမှုများမရှိကြောင်းကို တရားလိုဘက်မှ သက်သေထင်ရှားပြနိုင်ခြင်းမရှိသေးသည့် အချိန်တွင် တရားပြိုင်ဘက် မှ သက်သေခံအဖြစ်တင်သွင်းခဲ့သော သက်သေခံ (၄)မှ (၄ ဂ)ထိ ဘောက် ချာများ၊သက်သေခံ(၅)မှ(၅ ခ) ထိမှတ်တမ်းဓာတ်ပုံများသည် တရားပြိုင် ဦးမြင့်အေးအနေဖြင့် ပုဇွန် မွေးမြူရေးလုပ်ငန်းအား ဆောင်ရွက် ခဲ့ပြီး ယင်းအပေါ်တွင်တရားလိုဘက်မှ သက်သေထင်ရှားတင်ပြ နိုင်ခဲ့ခြင်းမရှိပေ။ တရားလိုအနေဖြင့် သက်သေခံ(ခ)စာချုပ်အရဆိုလျှင် သိန်း ၁၀၀ အထိထည့်ဝင် ရမည်ဟု နှစ်ဦးသဘောတူညီခဲ့ပြီးဖြစ်သည်။အဆိုပါစာချုပ်အရပင် အကျိုးအမြတ်အား ၆၅% ခံစားရ မည်ဖြစ်ပေသည်။ ထို့ပြင် တရားလိုပြသက်သေများမှလည်း တရားပြိုင် ဦးမြင့်အေး အနေဖြင့် ပုဇွန် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခဲ့သည်ဟု ထွက်ဆိုထားသည်ဖြစ်ပေရာ ၎င်းအနေဖြင့် အမှန်တကယ် ဆောင်ရွက်ခဲ့သည်ဟုမှတ်ယူရပေမည်။ ထိုသို့ဆောင်ရွက်ရာမှ အရှုံးပေါ်ခဲ့သည်ဟု တရားပြိုင်ဘက်မှတင်ပြချက် အပေါ်တွင်လည်း တရားလိုဘက်မှ တစ်စုံတရာ ခုခံချေပနိုင်ခဲ့ခြင်း မရှိသည်ကိုတွေ့ရသည်။ ထို့ပြင် သက်သေခံ (ခ)စာချုပ် အရဆိုလျှင် အကျိုးအမြတ်ရရှိလာမှသာ တရားလို မှ ၆၅ % တရားပြိုင်မှ ၃၅ % ခွဲဝေယူကြမည်ဟု သဘောတူခဲ့ပြီးဖြစ်ပေရာ စာချုပ်ပါအတိုင်း လုပ်ကိုင်ခဲ့သည့်အနေအထားတွင် (၁) တရားပြိုင်ဦးမြင့်အေးမှ၂၈.၅.၂၀၁၆ ရက်စွဲပါနှစ်ဦးသဘောတူ ကတိစာချုပ်အား လိုက်နာရန် တာဝန် ရှိပြီး အဆိုပါ စာချုပ်အား ဖောက်ဖျက်ကျူးလွန်ခဲ့ခြင်းမရှိဘဲ အမှန်တကယ်ပုဇွန် မွေးမြူ ခဲ့ကြောင်း၊ (၂)တရားပြိုင် ဦးနေလင်းအောင်မှာ လိုက်နာရန် တာဝန် မရှိကြောင်း၊ တရားလိုမှ အဆိုပါ ၂၈.၅.၂၀၁၆ ရက်စွဲပါ နှစ်ဦးသဘောတူ ကတိစာချုပ်အရသိန်း ၁၀၀ပြည့်မီအောင် ထည့်ဝင်ခဲ့ခြင်းမရှိသည့်အတွက် ၂၈.၅. ၂၀၁၆ ရက်စွဲပါ နှစ်ဦး သဘောတူ ကတိစာချုပ် အား ဖောက်ဖျက်ခဲ့သည်ဟုသာမှတ်ယူရပေမည်။ တရားပြိုင်ဘက်မှ စာချုပ် အတိုင်းတရားလိုအား စာရင်းရှင်းလင်းခဲ့ခြင်းရှိမရှိနှင့်ပတ်သတ်၍မူ တရားလိုပြသက်သေများမှသက်သေ ထင်ရှားတင်ပြ နိုင်ခြင်းမရှိခဲ့သည်ကိုတွေ့ရသည်။ သို့ဖြစ်ရာ တရားလိုနှင့် (၁)တရားပြိုင်တစ်ဦးတည်းသာ ၂၈.၅.၂၀၁၆ ရက်စွဲပါ နှစ်ဦးသဘောတူ ကတိစာချုပ်အား လိုက်နာ ရန်တာဝန်ရှိပြီး အဆိုပါစာချုပ်အား တရားပြိုင်များဘက်မှဖောက်ဖျက်ကျူးလွန်ခဲ့သည်မှာ မမှန်ကြောင်း ဖြေဆိုလိုက်သည်။

ငြင်းချက်(၃)

စစ်ဆေးပြီး

ငြင်းချက်(၁)နှင့်ငြင်းချက်(၂)တို့၏ အဖြေအရ တရားလိုသည်လည်း (၁)တရားပြိုင် ဦးမြင့်အေးနည်းတူ ၂၈.၅.၂၀၁၆ ရက်စွဲပါ နှစ်ဦးသဘောတူ စာချုပ်အား လိုက်နာရန်တာဝန်ရှိခြင်း၊ ထိုကတိစာချုပ်နှင့်အညီ ငွေကျပ်သိန်း၁၀၀ ပြည့် အောင်ထည့်သွင်းခဲ့မှုမရှိခြင်း၊ အဆိုပါ လုပ်ငန်း အရှုံးပေါ်သည့်အတွက် စာချုပ်ပါစည်းကမ်းချက်များ နှင့်အညီသာ အကျိုးအမြတ်ခွဲဝေမပေးနိုင်ခဲ့ သည်မှာ ပေါ်ပေါက်သည့်အတွက် တရားလို၏ ဆိုလွှာ အားစရိတ်နှင့်တစ်ကွပလပ်လိုက်သည်။

ရှေ့နေရေးတို့ဝယ်ငွက်ကို သက်မှတ်သည်။

(ခင်မေသက်နိုင်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
စမ်းချောင်းမြို့နယ်တရားရုံး

မြို့နယ်တရားရေး
မ်းချောင်းမြို့နယ်တရားရုံး

စာ၁၀နံခမ်တွ။

စမ်းချောင်းမြို့နယ်တရားရုံး

စစ်ဆေးပြီး